# သာမန်ကာလ (၃၀)ကြိမ်မြောက်တနင်္ဂနွေ

ရှင်မာတေဦး ၂၂း၃၄ - ၄၀

ချမ်းသာတဲ့လူပဲဖြစ်စေ၊ ဆင်းရဲတဲ့လူပဲဖြစ်စေ ချစ်ခြင်းမေတ္တာ မရှိရင် မပျော်နိုင်ပါဘူး။ ဘုရားကို ချစ်ပြီးအသက်ရှင်နေထိုင်နေတဲ့သူ၊ သူတစ်ပါးကို ချစ်ပြီးအသက်ရှင်နေထိုင်နေတဲ့သူတွေဟာ အသက်ရှင်နေထိုင်ရတာ တကယ်ကို ပျော်နိုင်ကြပါတယ်။ အဲ့ဒီလို ချစ်ရာမှာ ဘုရားကို ချစ်ဖို့ ၊ သူတပါးကို ချစ်ဖို့ ၊ ဒ့ါအပြင် ကိုယ့်ကိုယ်ကိုလည်း ချစ်ဖို့ လိုအပ်လှပါတယ်။ ကိုယ့်ကိုယ်ကို ခွင့်လွှတ်လက်ခံဖို့ လူတွေက မေ့လျော့နေတတ်ကြပါတယ်။

ယနေ့ ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာ ရှင်မာတေဦး ၂၂း ၃၄ မှာ ကျမ်းတတ်ဆရာတစ်ဦးက "ဘယ်ပညတ်တော်က အကြီးမြတ်ဆုံးလဲ၊ အရေးကြီးဆုံးပညတ်တော်က ဘာလဲ" လို့ မေးပါတယ်။ ဒီအခါ သခင်ယေဇူးက "သင်၏အရှင် ထာဝရဘုရားသခင်ကို သင်၏နှလုံးအကြွင်းမဲ့၊ စိတ်အားရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှနှင့် ချစ်လော့။ ဒါဟာ အကြီးမြတ်ဆုံးပညတ်၊ အရေးအကြီးဆုံး ပညတ်ဖြစ်တယ်။ ဒုတိယအရေးကြီးဆုံးပညတ်က အဲဒီပထမပညတ်လိုပါပဲ၊ ကိုယ့်ကိုယ်ကို ချစ်သလို သူတစ်ပါးကို ချစ်ရလော့" လို့ ပြန်ဖြေလိုက်ပါတယ်။ ချစ်ဖို့ အရေးအကြီးဆုံးဖြစ်တယ်။

"ချစ်ရမယ်" ဆိုတာ ပညတ်ဥပဒေအဖြစ် အမိန့်ပေးနေရတာ မဟုတ်ပါဘူး။ ပညတ်ဆိုတာက ဥပဒေပါ။ လုပ်ရမယ်၊ လိုက်နာရမယ်ဆိုတဲ့အမိန့်ကြောင့် ချစ်ရတာပါဆိုရင် အဲ့ဒါ ချစ်ခြင်းမေတ္တာ အစစ် မဟုတ်တော့ဘူး။ တာဝန်အရ၊ အမိန့်အရမို့လို့ ချစ်တာနော် ၊ ချစ်ချင်လို့ ချစ်တာ မဟုတ်တော့ဘူးဆိုရင် မှားပြီ။ သင်က သက်ကြီးရွယ်အိုတွေကို သွားရောက်ကြည့်ရှုတာ၊ ဖျားနာတဲ့သူတွေကို ဂရုစိုက်တာ၊ ဆင်းရဲသားတွေကို အကူအညီပေးတာတွေက တာဝန်အရလုပ်ရတာပါဆိုရင် ဒါဟာ ချစ်ခြင်းမေတ္တာ မဟုတ်တော့တဲ့အပြင် ဝန်ထုတ်ဝန်ပိုးတောင် ဖြစ်သွားပါသေးတယ်။ တခါတလေ ကူညီပေးရင်းနဲ့ စိတ်မရှည်တော့ပဲ ဒေါသတောင် ထွက်တတ်ကြပါသေးတယ်။ အကူညီ ပေးတဲ့သူကလည်း ချစ်ခြင်းမေတ္တာ မရှိသလို ကူညီခံရတဲ့သူကလည်း ချစ်ခြင်းမေတ္တာ မခံစားရပါဘူး။ ရှင်ပေါလူးလို ချစ်ခြင်းမေတ္တာသက်သက်နဲ့ သူတပါးတွေကို ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း ကြေညာတဲ့သူလို ဖြစ်မှ ပျော်ရွှင်နိုင်မှာပါ။

အဲဒီလို ပညတ်တော်က တောင်းဆိုထားလို့ ချစ်ရတာပါ၊ ဘုရားက ချစ်ခိုင်းလို့ ချစ်ရတာပါ၊ ငါက ချစ်ချင်လို့ချစ်ရတာ မဟုတ်တော့ဘူးဆိုရင် သင့်ရဲ့ ချစ်ခြင်းက ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးတော့ပါဘူး။ ဖါရီဇေဦးတွေ ကျမ်းတတ်ဆရာတွေက ချစ်တဲ့အချစ်က ဘုရားက ချစ်ခိုင်းလို့သာ တာဝန်အရ ချစ်ကြတာပါ။ သူတို့ ထင်ကြတာက ဘုရားက ချစ်ခိုင်းတဲ့အတိုင်း၊ ပညတ်တော်အတိုင်းလိုက်ရင် ငါ့ကို ဘုရားက ချစ်မှာပဲဆိုတဲ့အတွေးနဲ့ ချစ်ခြင်းမေတ္တာပြကြတာပါ။ ရင်ထဲမှာတော့ ဘာမျှ မခံစားရပါဘူး။ အပေါ်ယံ ပညတ်တော်ကို ဖြည့်စွက်ရုံသက်သက်ပါပဲ။ သူတို့က ဒီလိုနည်းနဲ့ ဘုရားရဲ့အချစ်ကို ကျိုးစားပမ်းစား ရယူရမယ်လို့ ထင်နေပြန်တယ်။ ဘုရားက ငါတို့လို လူကိုမှ ချစ်တာ၊ မင်းတို့လိုလူကို ဘုရားကမချစ်ဘူးလို့ ကိုယ့်ကိုယ်ကို အထင်ကြီးနေတတ်ကြပါတယ်။ သူတို့ အယူအဆက မှားပါတယ်။ ဘုရားက လူအားလုံး မခွဲခြားပဲ ချစ်ပြီးသားပါ။

သခင်ယေရှု မိန့်တော်မူတာက "ဒုတိယပညတ်သည်ကား ပထမပညတ်နည်းတူဖြစ်တယ်" လို့ မိန့်တော်မူထားတာကို စဉ်းစားကြည့်ရင် ဘုရားကို ချစ်တာနဲ့ လူလူချင်းကို ချစ်တာက ဆက်စပ်နေတယ်။ ဆိုလိုတာကတော့ ဘုရားကို တကယ်ချစ်တဲ့လူက သူတပါးတွေကို ချစ်မှာပဲ၊ သေချာတယ်။ သူတပါးတွေကို မချစ်တဲ့လူက ဘုရားကို ချစ်ပါတယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ဒါကြောင့် ရှင်ယောဟန်ရဲ့ဩဝါဒစာ ပထမစောင် ၄း ၂၀ မှာ "တစ်စုံတစ်ယောက်က ငါသည် ဘုရားသခင်ကို ချစ်သည်ဟု ဆိုပြီး မိမိ၏ညီအစ်ကိုကို မုန်းတီးလျှင် ထိုသူသည် လိမ်ညာသူဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် မိမိမြင်ဖူးသည့်ညီအစ်ကိုကို မချစ်သောသူသည် မမြင်ဖူးသောဘုရားသခင်ကို မည်သို့ချစ်နိုင်မည်နည်း" ။ ကိုယ် မြင်နိုင်တဲ့သူတပါးကိုတောင် မချစ်တဲ့သူက မမြင်နိုင်တဲ့ဘုရားသခင်ကို ချစ်ပါတယ်ဆိုတာ လိမ်ညာတာပါပဲ။ ဘုရားကို ချစ်တယ်ဆိုတဲ့အကြောင်း ဘယ်လိုပြမလဲ။ သူတပါးတွေကို ချစ်ခြင်းအားဖြင့်သာ ပြနိုင်ပါတယ်။ ဒါကြောင့် ဘုရားကိုချစ်လို့ သူတပါးတွေကို ချစ်တဲ့အထိ ဖြစ်လာစေချင်လို့ သခင်ယေရှုက နှလုံးအကြွင်းမဲ့ စိတ်အားရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှနှင့် ချစ်ခိုင်းတာပါ။ ဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ချစ်တဲ့သူက အဲ့ဒီဘုရားရဲ့အချစ်ကို ကိုယ်တိုင်ခံစားရပြီး သူတပါးတွေကိုလည်း ငါ့လို ခံစားမိစေချင်လိုက်တာဆိုပြီး ဘုရားကငါ့ကို ချစ်သလို သူတပါးတွေကိုလည်း ချစ်နိုင်သွားတာပါ။ ဒါကြောင့် ဘုရားကို ချစ်တာနဲ့ လူလူချင်းကို ချစ်တာဟာ ဆက်စပ်နေတယ်။ ခွဲချစ်လို့ကို မရပါဘူး။ ဘုရားသခင်က လူကို သူ့ရဲ့ ရွှေပုံသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းထားလို့ ဘုရားသခင်က လူတိုင်းဆီမှာ ရှိတော်မူပါတယ်။ ဒ့ါကြောင့် ဘုရားကို ချစ်ချင်ရင် ဘုရားသခင်ရှိနေတဲ့လူတိုင်းကို ချစ်ရပါမယ်။ တခြားနည်း မရှိပါဘူး။ ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာ ထွက်မြောက်ရာကျမ်းမှာ ဘုရားသခင်က မိုးဇယ်မှတဆင့် လူတွေကို တယောက်ကို တယောက် ချစ်ကြဖို့ ၊ အထူးသဖြင့် မိဘမဲ့တွေ ၊ မုတ်ဆိုးမတွေ ၊ တစိမ်းတွေကို ပိုပြီး ဂရုစိုက် ချစ်ကြဖို့ မိန့်တော်မူပါတယ်။

နောက်ပြီး ကိုယ့်ကိုယ်ကိုလည်း ချစ်ကြဖို့ ဘုရားက အလိုရှိပါတယ်။ ဘုရားကို ချစ်ဖို့၊ သူတပါးကို ချစ်ဖို့ နှစ်ခုဟာ အဆက်အစပ်ရှိသလို ကိုယ့်ကိုယ်ကို ချစ်ဖို့ကလည်း အဆက်အစပ်ရှိပါတယ်။ ကိုယ့်ကိုယ်ကိုတောင် မညှာမတာ ရက်စက်တတ်သူဟာ သူတပါးကိုလည်း အဲ့ဒီလို လုပ်မှာပဲ။ ကိုယ့်ကိုယ်ကို တန်ဖိုးမထားသူဟာ သူတပါးကိုလည်း တန်ဖိုးမထားတတ်ပါဘူး။ ကိုယ့်ကိုယ်ကိုတောင် မခွင့်လွှတ်တတ်သူ၊ ကိုယ့်ကိုယ်ကို ကို မကျေမနပ်ဖြစ်နေသူက သူတပါးနဲ့ ခွင့်လွှတ်ကြေအေးဖို့ မလုပ်နိုင်ပါဘူး။

ဘုရားကို ချစ်ဖို့၊ သူတပါးကို ချစ်ဖို့၊ ကိုယ့်ကိုယ်ကို ချစ်ဖို့ ဆိုတာတွေ ဖြစ်လာနိုင်ဖို့ ပထမဦးဆုံး ဘုရားက ကိုယ့်ကို ချစ်နေတာကို ခံစားမိရပါမယ်။ ဘုရားနဲ့ တွေ့ကြုံခံစားမိမှ ဘုရားအချစ်ကို ခံစားမိမှာပါ။ ဒါ ဘယ်လိုဖြစ်လာနိုင်မလဲ။ ဘုရားနဲ့ ပါဝင်ပတ်သက်ရပါမယ်။ ဥပမာ ဝတ်ပြုကိုးကွယ်ခြင်းတွေမှာ ပါဝင်တယ်။ ဘုရားရဲ့စကား ကျမ်းစာကို ထောက်ရှုစဉ်းစား ဆင်ခြင်တယ်။ ဘုရားအတွက် အချိန်ပေးပြီး ဆိတ်ငြိမ်စွာ ဆုတောင်းတယ်။ ဒါဆို တနေ့တခြား သင်ဟာ ဘုရားချစ်တာတွေကို ခံစားမိလာပါလိမ့်မယ်။ ကျနော်တို့က ဘုရားကို ချစ်လို့ ဘုရားက ကျနော်တို့ကို ချစ်တာ မဟုတ်ပါဘူး။ ဘုရားက ကျနော်တို့ကို စချစ်နေလို့ ကျနော်တို့က ဘုရားကို ပြန်ချစ်ကြတာပါ။ ရှင်ယောဟန် ဩဝါဒစာ ပထမစောင် ၄း ၁၉ "ရှေးဦးစွာ ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသဖြင့်

ငါတို့သည်လည်း ချစ်ကြ၏။"

စကၤာပူနိုင်ငံထုတ် သတင်းစာထဲမှာ သတင်းတခု ဖတ်လိုက်ရတယ်။ အမျိုးသမီးတစ်ယောက်က သူနဲ့ အိမ်ထောင်ပြုဖို့ ရည်ရွယ်ထားတဲ့ယောက်ျားမှာ ကင်ဆာရောဂါရှိနေတယ်ဆိုတာ သိလိုက်ရပါတယ်။ ဒါပေမဲ့ ဒီအမျိုးသမီးက "ကိစ္စမရှိဘူး။ ငါ သူ့ကို လက်ထပ်မယ်။ သူ့ကို ငါ တစ်သက်လုံးပြုစုစောင့်ရှောက်မယ် " လို့ ဆုံးဖြတ်ပြီး လက်ထပ်လိုက်ပါတယ်။ ဘာသာသူတို့ ချစ်နိုင်တဲ့အစွမ်းဟာ ဘုရားသခင်ဆီက လာပါတယ်။ ဘုရားနဲ့ ဘာမျှ မပတ်သက်ပဲ နေတဲ့သူ၊ ဘုရားကျောင်းလည်း မတက်၊ ဘုရားတရားရေးကို လုံးဝအရေးမစိုက်တဲ့လူတွေဟာ ရိုင်းစိုင်းလာကြတာကို မြင်တွေ့ရပါတယ်။ ဘုရားဆီက ခံစားရတဲ့ ဘုရားရဲ့အချစ်ကြောင့် လူတွေဟာ သူတပါးတွေကို ကိုယ်ကျိုးစွန့်ပြီး ချစ်နိုင်စွမ်းရှိလာကြတာပါ။ ဘာသာသူတို့ သင်တို့ ချစ်ခြင်းမေတ္တာမရှိရင် သင့်ဘဝဟာ ဘယ်လိုမျှ မပျော်နိုင်ပါဘူး။ သင့်ကို ဖန်ဆင်းတဲ့ဘုရားရှင်က ချစ်ခြင်းမေတ္တာတော်ရှင် ဖြစ်လို့ ဖန်ဆင်းရှင်ရဲ့လက်ရာတော်အတိုင်း/ ဖန်ဆင်းပေးလိုက်တဲ့ရည်ရွယ်ချက်အတိုင်း မနေထိုင်ရင်၊ မချစ်ရင် လူဟာ ဘယ်လိုမှ မပျော်နိုင်ပါဘူး။ ဘယ်တော့မျှလည်း ကျေနပ်အားရမှုရှိမှာ မဟုတ်ပါဘူး။ ယေရှုဘုရားရှင်က သင့်ကို ချစ်လို့ ပျော်စေချင်လို့ ဘုရားကို အကြွင်းမဲ့ ချစ်ပါ၊ သူတပါးကိုလည်း ကိုယ့်ကိုယ်ကို ချစ်သလို ချစ်ခိုင်းနေပါတယ်။ သင့်ဝိညာဉ်ကောင်းကျိုးအတွက် ချစ်ပါ။ သင့်ကျန်းမာရေးအတွက် ချစ်ကို ချစ်ရမယ်။ သင် ပျော်နိုင်ဖို့ ချစ်ကို ချစ်ရပါလိမ့်မယ်။ တခြားနည်းလမ်းမရှိဘူး ဘာသာသူတို့ ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။